NOVEL AUTHOR TEAM

ဘာသာပြန် စာရေးသူ – Su Myat Aung

# အင်မော်တယ်သိုင်းသမား

(ရှောင်းချန်)

(Chapter 526 - 540)

စာစဉ် - ၃၆

အပိုင်း (၅၂၆)

ရှဲ့ကျစ်ဝမ်က အော်ဟစ်လိုက်ပြီးနောက်တွင် သူ၏ လက်ဝါးချက်ကို နှိမ့်ကာ ဂူကွေ့သစ်ပင် ပင်စည်ကို ရိုက်ချ လိုက်သည်။

ခြိမ်း

ကြီးမားသော စွမ်းအင်လှိုင်းများက လေထဲတွင် ထိပ်တိုက် တွေ့ဆုံသွားခဲ့ကာ ခရမ်းရောင် အားလှိုင်းများက ပြန့်ထွက်သွားပြီး လေထု တစ်ခုလုံးကို လွှမ်းခြုံသွား၏။ အာကာသ တစ်ခုလုံးကပင် ထက်ခြမ်း အခြမ်းခံရသကဲ့သို့ ဖြစ်သွားသည်။

ကြီးမားပြင်းထန်သော အားက ကျရောက်လာသောအခါ ရှဲ့ကျစ်ဝမ်က သွေးအပြည့် အန်ထုတ် လိုက်ရသည်။ သူ၏ မွေးညှင်းပေါက်များကပင် သွေးများ ထွက်လာ၏။

ရှီး

လက်ဝါးချက်က နတ်သစ်ပင်ကို ကောင်းကင်သို့ ထိုးတက်သွားစေခဲ့သည်။ သို့ရာတွင် ပျက်စီး သွားမည့် အရိပ်အယောင် မရှိသေးပေ။ ကျဆင်းလာသော ဘက်ခြမ်းကပင် ပြောင်းလဲသွားခဲ့ခြင်း မရှိချေ။ နတ်သစ်ပင်မှ ပြန်ကန်အားက ရှောင်းချန်ကို မသက်မသာ ဖြစ်လာစေသည်။ သူ တွေး လိုက်၏။

'ဒီလူက တကယ်ပဲ စွမ်းအားကြီးတာပဲ၊ ဂူကွေ့ သစ်ပင်က ပြင်းထန်တဲ့ တိုက်ကွက်ကြောင့်သာ မဟုတ်ရင် သူ ဒါကို ရင်ဆိုင်နိုင်လိမ့်မယ်။

ထပ်ပြီးတော့....'

ခြိမ်းခြိမ်းခြိမ်း

နတ်ဂူကွေ့ပင်က ပြင်းထန်သော အရှိန်အဝါများ နှင့်အတူ ရှဲ့ကျစ်ဝမ်ကို ထပ်ခါတလဲလဲ ရောင်းချန်၏ အောက်တွင် ဖိအားပေးနေခဲ့၏။ သေချာစွာ ပင် ရှဲ့ကျစ်ဝမ်က အလွန်သန်မာသည်။ သူ၏ ဒဏ်ရာများက ယခင်ကထက် ပြင်းထန်သွားသော်လည်း သူက ၄ကြိမ် ၅ကြိမ်ခန့် ဆက်တိုက် နိုင်နေ သေး၏။

ကြည့်နေကြသော ကျင့်ကြံသူ အများစုက အလွန် အံ့ဩနေခဲ့ကြသည်။ နတ်သစ်ပင်၏ ပြင်းထန်သော တိုက်ကွက်များအောက်တွင် ရှဲ့ကျစ်ဝမ်၏ ခြေထောက်က အောက်သို့ နစ်ဝင် ကျနေခဲ့သည်။ သူ၏ ဓားရာ ၇ ပေါက်မှ သွေးများ ကျဆင်းနေခဲ့ကာ ပုံပန်းသွင်ပြင် ဆိုးရွား လာခဲ့၏။ ရှဲ့ကျစ်ဝမ်က တောင့်မခံ နိုင်တော့သော အချိန်တွင် ပြင်းထန်သော အရှိန်အဝါ တစ်ခုက ပျံ့လွင့်လာသည်။ အနက်ရောင် ဝတ်စုံဝတ် လူအိုကြီး တစ်ယောက်က လက်ဝါး တစ်ချက်ဖြင့် နတ်သစ်ပင်ကို ရိုက်ချလိုက်သည်။

ခြိမ်း

ထိုလက်ဝါး ရိုက်ချက်ထဲတွင် အားမည်မျှ ပါဝင်နေကြောင်း မသိနိုင်ပေ။ နတ်ဂူကွေ့ပင်တစ်ပင်လုံးက အလယ်မှ တည့်တည့် အခြမ်း ခံလိုက်ရ၏။ ထို တစ်ခဏတွင် သွေးနီရောင် အားလှိုင်းများက ပြန့်လွင့်လာခဲ့ကာ လေပြင်းနှင့်အတူ ရွေ့လျားသွားခဲ့သည်။

ရှဲ့ကျစ်ဝမ်က အနက်ရောင် ဝတ်စုံနှင့် လူကို မြင်သောခါ ချက်ချင်း စိတ်အေးသွားသည်။ သူက အားနည်းစွာ ပြုံး၏။

"ဒုတိယ သိုင်းဦးလေး ဘာလို့ ဒီကို ရောက်နေတာလဲ"

အနက်ရောင် ဝတ်ရုံနှင့် လူက နတ်သစ်ပင်ကို ရင်ဆိုင်ပြီးနောက်တွင် ရှဲ့ကျစ်ဝမ်ကို ကြည့်ကာ ပြော၏။

"မင်း ဒီလို မေးတာ မရှက်ဘူးလား၊ ငါသာ ဆူညံပူညံ အသံတွေ ကြားပြီး ရောက်လာလို့ မဟုတ်ရင် မင်း ဒီမှာ သေနေလောက်ပြီ"

"ငါ မင်းကို ပြောထားပြီးသား၊ အချိန်က ပြောင်းသွားပြီ။ အရင်ကလို တွေးနေလို့ မရဘူး၊ မင်း ရှေးဟောင်း အပျက်အစီး နယ်မြေကို ဝင်ချင်တယ်ဆိုရင်တောင်မှ ဖြစ်လာမယ့် အကျိုးဆက်ကို လက်ခံနိုင်ဖို့ လိုအပ်တယ်၊ မဟုတ်ရင် မင်းဒီမှာ သေသွား လိမ့်မယ်"

ရှဲ့ကျစ်ဝမ်က လူအိုကြီး၏ စကားကို စိတ်ထဲ မထားဘဲ ရှောင်းချန်ကို လက်ညှိုးထိုးပြီး ပြော၏။

"ဒုတိယ သိုင်းဦးလေး သူ့ကိုသတ်ပါ။ သူ့ကို လွှတ်ပေးလိုက်လို့ မရဘူး၊ သူက ကျွန်တော်ရဲ့ ကိုယ်တွင်း အင်္ဂါတွေ အားလုံးကို ဒဏ်ရာ ပြင်းပြင်းထန်ထန် ရအောင် လုပ်ထားတယ်။ ကျွန်တော် ရှေးဟောင်း အပျက်အစီး မျှော်စင်ရဲ့ ပြိုင်ပွဲထဲကို ဝင်ပြိုင်ဖို့က မဖြစ်နိုင်လောက်တော့ဘူး"

ထိုလူက ထိုစကားကို ကြားသောအခါ ရှဲ့ကျစ်ဝမ်၏ ဒဏ်ရာများကို စစ်ဆေးကြည့်သည်။ သူ၏ အမူအယာက ပြောင်းလဲသွားပြီး ရှောင်းချန်ကို အေးစက်စွာ ကြည့်၏။

ရှောင်းချန်က သူ့ထံ ကျဆင်းလာသော ကြောက်မက်ဖွယ် ကောင်းသော အားလှိုင်းကို ခံစားမိသည်။ သူ၏ ရင်ခုန်နှုန်းက မြန်ဆန် လာခဲ့ကာ ကြက်သီးထလာ၏။ ရှောင်းချန်က အံ့သြ မင်သက် သွားခဲ့ရသည်။

"မမျှော်လင့်ထားပဲ ဒီလူက သိုင်းဘုန်းတော်ကြီး ဖြစ်နေတာကိုး"

အနက်ရောင် ဝတ်စုံနှင့် လူက အကြည့်ကို ပြန်ရုတ်ပြီး အေးစက်စွာ ပြုံးသည်။

"မင်း တကယ် သတ္တိ ရှိတာပဲ၊ နတ်ဆိုးလ ကျောင်းတော်က သူကိုတောင် ရန်စရဲတယ်။ မင်း ရှေးဟောင်း အပျက်အစီး နယ်မြေကနေ အသက်ရှင်လျက် ထွက်သွားဖို့တော့ မစဉ်းစားထားနဲ့"

ထိုလူအိုကြီးက ထိုသို့ ပြောပြီးသည်နှင့် ရှဲ့ကျစ်ဝမ် နောက်ဆုတ်သည်ကို လစ်လျူရှုကာ သူ့ကို သယ်သွားသည်။ ရှောင်းချန်၏ မြင်ကွင်းက ခပ်မြန်မြန် ထွက်သွားရန် အလျင်စလို ပျံသွား၏။

ရှောင်းချန်က တစ်ဖက်သူက မလှုပ်ရှားသွားသည့်အတွက် ထူးဆန်းသည်ဟု ခံစားနေရချိန်တွင် နောက်ထပ် ထူးဆန်းသော အရိုန်အဝါ တစ်ခုက အနောက်ဘက်တွင် ထွက်ပေါ် လာခဲ့သည်။ ဒါက ထျန်းဂူ မျှော်စင်တွင် စင်မြင့် တိုက်ပွဲများ ကျင်းပမည်ဟု ကြေငြာခဲ့သော လူအိုကြီး ဖြစ်သည်။ သူက ရှဲ့ကျစ်ဝမ်နှင့် ထိုသိုင်းဦးလေး တို့ ထွက်သွားရာ ဘက်သို့ ကြည့်၏။ ထို့နောက် အေးစက်စွာ ပြုံးကာ ပြောသည်။

"ဟားဟား သူက ဉာဏ်ကောင်းတယ်၊ နတ်ဆိုးလ ကျောင်းတော်က ဒီနေရာမှာ ထင်သလို ထောင်လွှားလို့ မရဘူးဆိုတာ နားလည်နေတာပဲ"

ရှောင်းချန်က အရာအားလုံးကို နားလည်သွားသည်။ ယခု ရှဲ့ကျစ်ဝမ်၏ သိုင်းဦးလေး တစ်ယောက်က ဘာကြောင့် မလှုပ်ရှားခဲ့မှန်း သူ နားလည်သွားခဲ့ချေပြီ။ သူက ကောင်းကင်ရှိ လူအိုကြီးကို တုံ့ပြန်လိုက်၏။

"ဂျူနီယာက ရှောင်းချန်ပါ၊ စီနီယာ ရောက်လာပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ စီနီယာရဲ့ နာမည်ကိုများ သိခွင့် ရှိမလား"

လူအိုကြီးက ဖျော့တော့စွာ ပြုံးပြီးနောက် အောက်သို့ ဆင်းလာသည်။ သူက

ရှောင်းချန်ကို အပေါ်အောက် စုံချည်ဆန်ချည် ကြည့်ပြီးနောက်တွင် ပြော လာ၏၊

"မဆိုးဘူး မင်းက တကယ်ပဲ ပွဲ၁၀၀ကို နိုင်ခဲ့တာ အလကား မဟုတ်ဘူး ပဲ။ ဒီလူအိုကြီးရဲ့ နာမည်ကို ရှီဟိုင်လုံ လို့ ခေါ်တယ်၊ မင်း ငါ့ကို အကြီးအကဲ ရှီလို့ ခေါ်နိုင်တယ်"

ရှောင်းချန်က ခေါင်းငြိမ့်ပြီးနောက်တွင် ဂါရ၀ ပြုလိုက်သည်။ တစ်ဖက် သူများနှင့် ခြံ၀န်းအတွင်းရှိ ပါရမီရှင်များ အားလုံးက ထိုလူအိုကြီးကို မြင် သောအခါ ချက်ချင်းလိုလို အနားကပ်လာကာ ရိုသေလေးစား စွာဖြင့် ဂါရ၀ ပြုကြသည်။

ရှီဟိုင်လုံက ရှောင်းချန်ကို ပြန်လှည့်ကြည့်ကာ ပြောသည်။

"ဒီနေ့ မင်းက ကောင်းကင် စစ်ဆေးခြင်း အဖွဲ့အစည်းကို မျက်နှာသာ ပေးလိုက်တာပဲ၊ မင်းကသာ ရှေးဟောင်း အပျက်အစီး နယ်မြေမှာ နေသမျှ ကာလပတ်လုံး နတ်ဆိုးလ ကျောင်းတော်က ဘယ်ကောင်ကမှ မင်းကို မထိ ရဲစေရဘူး၊ ဘာမှ မလုပ်ရဲစေရဘူးလို့၊ ငါ အာမခံပေးနိုင်တယ်။ ဒါက မင်း အတွက် သေးငယ်ကောင်း သေးငယ်နိုင်ပေမယ့် လက်ဆောင်အဖြစ် လက်ခံ ပေးပါ"

တစ်ဖက်သူက ဆေးပုလင်း တစ်ခုကို ပေးလိုက်သည်။ ရှောင်းချန်က ဖွင့် ပြီး အနံ့ခံကြည့်လိုက်၏။ ထိုအနံ့ကို ရသောအခါ သူ နားလည်သွားသည်။

ထိုအနံ့ကို ရသည်နှင့် တစ်စုံတစ်ယောက်က ရူးသွပ်သွားနိုင်စွမ်း ရှိလေ သည်။

ရှောင်းချန်၏ ကိုယ်အတွင်းတွင် ရှိသော အတွင်း ဒဏ်ရာများက ထိုမွှေး ရနံ့ကို ရှူရှိုက်လိုက်ရုံမျှဖြင့်ပင် ပျောက်ကင်းတော့မတတ် ဖြစ်သွားရ

သေး၏။

အံ့အားသင့်စရာကောင်းလောက်အောင် ဒါက အတွင်း ဒဏ်ရာများအတွက် သီးသန့်ကုသသော ဆေး ဖြစ်နေခဲ့သည်။ မွှေးရနံ့တစ်ခုတည်းကပင် သက်ရောက်မှု ပြင်းထန်၏။ ထို့ကြောင့် ဆေးကိုသာ သောက်လိုက်မည်ဆိုလျှင် မည်မျှ သက်ရောက်မှု ရှိကြောင်း သိနိုင်လေသည်။ ရှောင်းချန်က တစ်ဖက်သူကို ထပ်မံပြီး ကျေးဇူး တင်လိုက်ပြန်သည်။

ရှောင်းချန်က တစ်ခဏခန့် တွေးတောပြီးသည့် နောက်တွင် အကြီးအကဲရှီက ကောင်းကင် စစ်ဆေးခြင်း အစည်းအရုံးကို မျက်နှာသာ ပေးခြင်း ဆိုသည့် ကိစ္စကို နားလည်သွားသည်။ ထို အကြောင်းအရာကို တွေးပြီးနောက်တွင် ကောင်းကင် စစ်ဆေးခြင်း အစည်းအရုံးက ရှဲ့ကျစ်ဝမ်ကို မျှော်စင်အတွင်းသို့ ဝင်စေချင်ဟန် မရပေ။ သို့ရာတွင် သူတို့က အကြွေးတင်ထားသည့် အတွက် ဖိအားပေးခံခဲ့ရဟန် ရှိသည်။ ယခုအခါ ရှောင်းချန်က ရှဲ့ကျစ်ဝမ်ကို ဒဏ်ရာ ရအောင် လုပ်လိုက်ချေပြီ။ ရှဲ့ကျစ်ဝမ် ဝင်မပြိုင် နိုင်တော့ချေ။

ကောင်းကင် စစ်ဆေးခြင်း အစည်းအရုံးမှ လူများစွာက မျက်နှာသာ ပြန်ပေးလိုသော်လည်း အချို့သော ကန့်သက်ချက်များကိုမူ မကျော်လွန် စေလိုခဲ့ပေ။ ဒါက သူတို့ကို အလွန် ကျေနပ် သွားစေခဲ့၏။

"မင်းအနေနဲ့ နေရာ ၂၀ ထဲကို ဝင်ဖို့က ပြဿနာ မရှိနိုင်ဘူး။ ငါတို့တွေ မျှော်စင်ကို မင်း အထပ် ဘယ်လောက်အထိ တက်နိုင်မလဲဆိုတာကိုပဲ စိတ်ဝင်စားတော့တယ်"

လူအိုကြီးက စကား ဆုံးလိုက်သည်နှင့် ဆက်မနေတော့ပေ။ သူ၏ ပုံရိပ်က ဖျကမကနဲ လက်ပြီးသည်နှင့် ကီလိုမီတာများစွာသို့ ဝေးကွာသွားခဲ့၏။ သိုင်းဘုန်းတော်ကြီး အဆင့် တစ်ယောက်၏ စွမ်းအားက တိုင်းတာ၍ မရ

နိုင်ခဲ့ပေ၊ သူ တစ်ယောက်တည်း၏ စွမ်းအားကပင် ကြောက်မက်ဖွယ်ကောင်းလွန်းနေခဲ့၏။

"ရှောင်းချန် ခုနက ငါ့ကို ကူညီပေးခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"

သားရဲ ယဉ်ပါးခြင်း ကျောင်းတော်မှ ကျော့မော့က အနား ကပ်လာကာ ရှောင်းချန်ကို ကျေးဇူး တင်သည်။ သူက ဂါရဝပင် ပြုလိုက်သေး၏။

ရှောင်းချန်ကလည်း ညင်သာစွာ ပြန် တုံ့ပြန်သည်။

"ငါ့ကို ကျေးဇူး တင်ဖို့ မလိုပါဘူး၊ ဒါက အလျင်း သင့်သွားလို့ပါပဲ"

သို့ရာတွင် ကျော့မော့က ခါးသီးစွာ ပြုံးသည်။ ဒါက အလျင်း သင့်သွား၍ ဖြစ်နိုင်၏။ သို့ရာတွင် ထိုတစ်ခဏတွင် ရှုံ့ကျစ်ဝမ်က အလွန် ဒေါသ ထွက်သွားလေပြီ။ သူ၏ ပြင်းထန်သော စွမ်းအားကြောင့် သူ၏ နောက်ခံနှင့် ပေါင်းစပ်လိုက်သော် တစ်စုံတစ်ယောက်ကသာ ကူညီချင်မည်ဆိုလျှင် ကိစ္စအားလုံးကို စဉ်းစား တွေးတော ရဦးမည် ဖြစ်၏။ ထို့ကြောင့် မည်သူကမှ မကူညီခဲ့ကြခြင်းလည်း ဖြစ်သည်။

ရှောင်းချန်က ကျော့မော့ကို မော့ကြည့်လိုက်သည်။ သူက စိတ်ရင်းဖြင့် ပြောလိုက်၏။

"ငါ မင်းကို  ဆက်ပြီး ကျေးဇူးတင်မနေတော့ဘူး၊ မျှော်စင်နားမှာပဲ ငါတို့ တွေ့ရအောင်။ ငါတို့တွေ ဘယ်အဆင့်လောက်အထိ တက်နိုင်မလဲ ဆိုတာ ဘယ်သူမှ မသိနိုင်ဘူးလေ၊ ဒါပေမယ့် ဘယ်သူကမှ မရောက်ခဲ့တဲ့ အဆင့်အထိ ရောက်နိုင်ဖို့ မျှော်လင့်ပါတယ်"

"ပြီးရင် ငါတို့တွေ ၅ နိုင်ငံ လူငယ် ပြိုင်ပွဲကို သွားကြမယ်။ အဲဒီအချိန်ကျရင် အဲဒီမောက်မာတဲ့ မဟာကျင်းတိုင်းပြည်က ပါရမီရှင်တွေကို အဆင့်နိမ့်

ပြီး အရှက်ရသွားအောင် တိုက်ခိုက် လိုက်ကြရအောင်"

ရှောင်းချန်က ညင်သာစွာ ပြုံးပြီး ဘာစကားမှ ဆက်မဆို လိုက်ပေ။

ပွဲက အဆုံးသတ် သွားသည်။ မူလအားဖြင့် ဒီပွဲက အလားအလာရှိသော ပါရမီရှင် များကို စုံစမ်း စစ်ဆေးရန် ဖြစ်သည့် တိုင်အောင် ဒီလိုဖြစ်သွားမည်ဟု မည်သူကမှ မထင်ထား ခဲ့ကြပေ။ လူတိုင်းက ရှောင်းချန်ကို မင်သက်စွာ ကြည့်ကြ၏။ ယခု ရှောင်းချန်ကို ကြည့်သော အကြည့်များက လေးစားမှုအဖြစ် ပြောင်းလဲ သွားခဲ့ချေပြီ။

ရှောင်းချန်နှင့် ကျော့မော့တို့က ကောင်းမွန်စွာ မတိုက်ခိုက်လိုက်ကြသည့် တိုင်အောင် အဆုံးတွင် ခွန်အားက သိသာသွားခဲ့ပြီ ဖြစ်သည်။

လက်ရှိအချိန်တွင် ရှောင်းချန်က ကျော့မော့ထက် သာသည်။ မဟာချင်တိုင်းပြည်မှ အစွမ်းထက်ဆုံး လူငယ် ဖြစ်လာခဲ့ပြီ ဖြစ်၏။

သူ့အထက် အဆင့်တွင် ရှိသော လူငယ် ပါရမီရှင် များက မဟာကျင်းတိုင်းပြည်ရှိ အထွတ်အထိပ်ရှိ ပါရမီရှင်များနှင့် တူကောင်း တူပေလိမ့်မည်။ သို့ရာတွင် ရှဲ့ကျစ်ဝမ်နှင့် အဆင့်တူတွင် မရှိသော သူများက များ၏။ ယခုအခါ အခြားသူများအနေဖြင့် ရှောင်းချန်က မည်သည့် အဆင့်တွင် ရှိကြောင်း ထင်ရှားသွားခဲ့လေပြီ။

လူအုပ်က လူစု ကွဲသွားသောအခါ ရှားရှီရန်က ရှောင်းချန်ကို လာကြည့်ပြီး ပြောသည်။

"ရှောင်းချန် နင် နတ်ဆိုးလကျောင်းတော်ကို ရန်စလိုက်ပြီ။ ဒီအစည်းအရုံးက နင့်ကို ကာကွယ် ပေးနိုင်တယ် ဆိုပေမယ့် သူတို့က အချို့လှည့်ကွက်တွေကိုတော့ တားဆီးနိုင်မှာ မဟုတ်ဘူး။ နင့်အနေနဲ့ ဓားတစ်ထောင် ကျောင်းတော် ဂိုဏ်းခွဲမှာပဲ အချိန်တစ်ခုအထိ လာနေသင့်တယ်။

ပြိုင်ပွဲတွေ မစခင်အထိ အဲဒီမှာ လာနေပါလား"

ရှားရှီရန်က ရှောင်းချန်ကို ဒုတိယ တစ်ကြိမ်မြောက် ဖိတ်ခေါ်ခြင်း ဖြစ်သည်။ သူကသာ ထပ်ငြင်းလျှင် သူမ အရှက်ရရပေလိမ့်မည်။ ထို့အပြင် တစ်ဖက်က လှည့်ကွက်တွေ သုံး လာနိုင်သည်ကလည်း ပုံမှန်သာလျှင် ဖြစ်သည်။ သူက ဒီလို ကိစ္စမျိုးကို မကြောက်သည့် တိုင်အောင် ပြဿနာ မ ဖြစ်လိုသေးပေ။ သူက အေးဆေးစွာ ကျင့်ကြံလို၏။ ထို့ကြောင့် သူ ရှားရှီ ရန်၏ ဖိတ်ခေါ်မှုကို လက်ခံလိုက်သည်။

နှစ်ယောက်က ထို ဓားတစ်ထောင် ကျောင်းတော်၏ ဂိုဏ်းခွဲကို ရောက် သွားသောအခါ မျက်နှာတွင် အမာရွတ်ရှိသော လူတစ်ယောက်က ခြံဝန်း အပြင်ဘက် သစ်ပင်ပေါ်တွင် ရှိနေခဲ့ရာမှ ရှောင်းချန်ကို ကြည့်သည်။ ရှောင်းချန်ကလည်း ထိုလူကို သတိထားမိမည် ဆိုလျှင် ထိုလူက ချင်းရန် ကျွန်းတွင် သိုင်းသူတော်စင်ကြီး၏ ကိုယ်ကို အလစ်သုတ် သွားခဲ့သော အ မှောင်ဘုရား ကျောင်းမှ လူဖြစ်မှန်း သိပေလိမ့်မည်။

"တကယ်ကို မိုးပြာရောင် နဂါးရဲ့ ချီပဲ သူက နပန်းလုံး စင်မြင့်မှာလည်း အကြိမ် အများကြီး သုံးခဲ့သေးတယ်။ ဒီနေ့မှာလည်း ထပ်သုံးပြန်ပြီ။ ငါ ပြန် ပြီး ဘုရားကျောင်း သခင်ကို ဒီအကြောင်း ပြောရမယ်။ သေချာပေါက် ငါ ဒီ အကြောင်းကို အတည်ပြုဖို့ လိုအပ်နေသေးတယ်"

အပျက်အစီး မြို့၏ အမည်မသိကျွန်း အပြင်ဘက်တွင် အနက်ရောင် ကျောက်တုံး အဆောက်အဦကြီးရှိသည်။ ကျောက်သား အခေါင်းကြီးရှိကာ ကျွန်း၏ အလယ်ရှိ လျှို့ဝှက် အခန်းအတွင်း တစ်ခုလုံးကို သိမ်းယူထား၏။ ထိုအခေါင်းထဲတွင် အလောင်းတစ်လောင်း ရှိနေသည်။ အခေါင်းတစ်ခုလုံး အနီရောင် အရည်များ ပြည့်နှက်နေခဲ့ကာ ပူစီဖောင်းထလျက် ပွက်ပွက်ဆူ နေပြီး အနီရောင် စွမ်းအင်များ ဖြာထွက်ကာ အထဲ အတွင်းသို့ ဝင်နေခဲ့၏။

ထိုအလောင်းက အသက်ရှင်နေသည်နှင့် တူသည်။ အရည်များထဲတွင် ရှိသော သူ၏ အသားအရည်က လူသေများနှင့် တူမနေခဲ့ပေ။

ပုံပန်းသွင်ပြင်ကို စစ်ဆေးကြည့်ရသော် ထိုသူက ချင်းရန်ကျွန်းမှ အမာရွတ်နှင့်လူ ယူသွားခဲ့သော အလောင်းနှင့် တူနေ၏။ ထိုအခေါင်းကို အနက်ရောင် ဝတ်စုံဝတ် ကျင့်ကြံသူ များစွာက ဝိုင်းပတ်ကာ အနီရောင် တိမ်များနှင့်အတူ ရှိနေသည်။ သူတို့ အားလုံးက အခေါင်းအတွင်းရှိ ထို အလောင်းကို ထိတ်လန့်စွာ ကြည့်နေကြ၏။ သိသိသာသာပင် ပါဝင်ပစ္စည်းများစွာကို အထဲသို့ ထပ်ဖြည့် နေခဲ့ကြသေးသည်။

အိုမင်း ရွတ်တွပြီး အနက်ရောင် ဝတ်စုံ ဝတ်ထားကာ အထင်တသေး အမူအယာ ရှိသည့် လူတစ်ယောက်က အနားရှိ နံရံပေါ်တွင် တွဲလောင်းစွဲလျက် အနေအထားမျိုးဖြင့် ရှိနေသည်။ သူ၏ မျက်ဝန်းများက စိတ်လှုပ်ရှားမှုဖြင့် တောက်ပ သွားပြီး တက်ကြွလာ၏။ ထိုလူက ထိုနေရာတွင် ရှိနေရာမှ ရုတ်တရက် အနက်ရောင် အရိပ်ကဲ့သို့ ဖြစ်သွားလေသည်။ မူလက မှေးမှိန်သော အခန်း တစ်ခုလုံးက သူ၏ တည်ရှိမှုကြောင့် ပို၍ မှောင်မည်းသွား၏။

"ဘယ်လိုဖြစ်နိုင်မှာလဲ။ ဒီအခေါင်းကို မိစ္ဆာ အလောင်းနဲ့သန့်စင်တာ ကြာနေပြီ မဟုတ်လား"

ထိုအနက်ရောင် ဝတ်စုံနှင့် လူ၏ ဩရှသော အသံက အခန်းတစ်ခုလုံး ပဲ့တင်ထပ်လာသည်။

ကျင့်ကြံသူ တစ်ယောက်က ရှေ့တက် လှမ်းပြီး နောက်တွင် ရှုးသွပ်လေးစားစွာဖြင့် ထိုလူအိုကြီးကို ပြောသည်။

"ဘုရားကျောင်း ဒုသခင် တင်းကို ပြန်ဖြေပါတယ်။ နောက်ထပ် နှစ်ဝက်လောက် အချိန် ရတာနဲ့ ဒီသန့်စင်မှုက ပြီးဆုံးပါပြီ၊ ကျွန်တော်တို့ အချိန်တိုင်း စောင့်ဆိုင်းဖို့ လိုအပ်တော့မယ် မထင်ပါဘူး"

"မဟုတ်ရင် ငါတို့တွေ သွေးဝံပုလွေ ဂိုဏ်းနဲ့ စစ်ဖြစ်တဲ့အခါ ဒုက္ခ ရောက်သွားတော့မှာပေါ့။ သွားပြီ ဒီတစ်ကြိမ်အတိုင်းဆိုရင် ငါတို့ ဒါကို သုံးလို့ ရနေပြီပဲ"

အမှောင် ဘုရားကျောင်း ဒုသခင်က လူသေအလောင်း အသက် ရှင်နေသည်လား မည်သူမှ မသိနိုင်ပေ။ ပုံမှန်အားဖြင့် သူတို့က ဘုရားကျောင်း ဒုသခင်ဟု ထုတ်သုံးလာသည်နှင့် သူတို့က လေးစားရသည်ကလည်း ပုံမှန်သာလျှင် ဖြစ်သည်။ မည်သူကမှ မေးခွန်း ပြန်မေးပိုင်ခွင့် မရှိပေ။

ထိုလူအိုကြီးအပြင် အခြားသော ဘုရားကျောင်း ဒုသခင် နှစ်ယောက်လည်း ရှိနေသေးသည်။ သူတို့က ထိုလူအိုကြီးကို လစ်လျူ ရှုထားသည်။ အကြောင်းမှုကား ထိုလူအိုကြီးကသာ အစစ်အမှန် အာဏာရှိဘုရားကျောင်း ဒုသခင် ဖြစ်နေသောကြောင့် ဖြစ်သည်။

လူအိုကြီးက ပြုံးပြီး ပြောသည်။

"ကောင်းပြီ သိပ်မကြာတော့ဘူးပဲ၊ နှစ်ဝက်က အဆင်ပြေပါတယ်၊ သိုင်းသူတော်စင် အလောင်းကို ရဖို့က ဘယ်လောက် ခက်လိုက်သလဲ။ အထူးသဖြင့် သူက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားကို ကျင့်ကြံထားတယ်။ နှစ်ထောင်ပေါင်း များစွာ ကြာတာတောင်မှ ငါတို့ တစ်ယောက်ကို ရှာတွေ့ဖို့က ခက်ခဲတယ်"

"သွေးဝံပုလွေ ဂိုဏ်း၊ မင်းတို့တွေ ပြီးဆုံးဖို့ အချိန် သိပ်မလိုတော့ဘူးပဲ"

ခြိမ်းခြိမ်းခြိမ်း

ရုတ်တရက် တံခါး ခေါက်သံကို ကြားလိုက်ရသည်။ ကျောက်တုံး တံခါးက ပွင့်သွားပြီး အနက်ရောင် ချီလွှမ်းနေသော လူတစ်ယောက်က ဝင်လာ၏။ ထိုသူက အမှောင်ဘုရား ကျောင်းဒုသခင် တင်းရှေ့သို့ ရောက်လာ

ကာ ခပ်တိုးတိုး ပြောသည်။

ထိုသူက ထိုစကားများကို ကြားသောအခါ မျက်နှာက ပျော်ရွှင်မှုဖြင့် တောက်ပသွားသည်။ သူက လက်ကို ရမ်းပြီးနောက် ထိုသူကို ထွက်သွားစေကာ အလောင်းကို သန့်စင်နေသော လူ လေးယောက်ကို ညွှန်ကြားလိုက်၏။

"ဒီအခန်းထဲမှာပဲ နှစ်ဝက်လောက် နေပြီး ထွက်မလာခဲ့နဲ့၊ အရာအားလုံး ပြီးသွားပြီဆိုတာနဲ့ ငါ မင်းတို့ကို သေချာပေါက် ချက်ချင်းလိုလို ဘဝ ပြောင်းသွားအောင် ဆုတွေ ချီးမြှင့်မယ်"

အားလုံးက ခေါင်းငြိမ့်ကြသည်။ လူအိုကြီးက ထွက်သွားပြီးနောက် အခန်းရှည်ကြီး တစ်ခုထဲသို့ ဝင်သွား၏။

မျက်နှာတွင် အမာရွတ်ရှိသော လူတစ်ယောက်က ထိုနေရာတွင် စောင့်ဆိုင်းနေခဲ့သည်မှာ ကြာလှချေပြီ။ သူက လူအိုကြီးကို မြင်သည်နှင့် ဦးညွှတ်ကာ ဂါရဝပြုလိုက်၏။

"ဝူရန်က ဘုရားကျောင်း ဒုသခင်ကို ဂါရဝ ပြုပါတယ်"

ဘုရားကျောင်း ဒုသခင်က သူ၏ အိုမင်းရွတ်တွနေသော မျက်နှာကြီးတွင် ရှားပါးစွာပြုံးလိုက်သည်။ ပို၍ ကြည့်ရဆိုးသွားသော်လည်း သူက ပြောလိုက်၏။

"တရိုတသေ လုပ်နေဖို့ မလိုဘူး။ မင်း ရထားတဲ့ သတင်းကောင်းက ဘာလဲ"

***